တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၈၉

၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၁ တွင် ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် တင်သွင်းသောအယူခံမှု

Pan Asia Majestic Eagle Ltd. နှင့် ၁။ Amalgamated Telecom Management Co., Ltd
(၎င်း၏ကိုယ်စား Mr. Raymond Bornman)
၂။ Neonworx Communication (Myanmar)Co., Ltd.
၃။ Ms. Anne Sophie

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

အယူခံတရားလိုအတွက် - ဦးနေဦး၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်များအတွက် - (၁) ဦးနေလ၊ တရားလွှတ်တော်ရှေ့နေ
(၂) ဦးလှရွှေ၊ တရားလွှတ်တော်ရှေ့နေ
(၃) ဦးကျော်ကျော်မျိုး၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၁ တွင် Amalgamated Telecom Management Co., Ltd. (၎င်း၏ကိုယ်စား Mr. Raymond Bornman)က Pan Asia Majestic Eagle Ltd. ပါ - ၃ ဦးအပေါ် အထွေထွေနစ်နာကြေးနှင့် အမြဲတမ်းတားဝရမ်းထုတ်ပေးစေလိုမှုစွဲဆိုရာ Pan Asia Majestic Eagle Ltd. ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လျှောက်ထားမှုအပေါ် ပယ်သည့်အတွက် ယင်းအမိန့်အပေါ် တင်သွင်းလာသော အယူခံမှုဖြစ်သည်။

အဆိုလွှာတွင် တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်းရှိ တယ်လီဆက်သွယ်ရေး ကွန်ယက်တွင် အသုံးပြုလျက်ရှိသော တာဝါတိုင်များအတွက် RF Brackets များကိုယ်တိုင် တီထွင်ရေးဆွဲထားသော Bracket Drawing ဒီဇိုင်းများဖြင့် ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် Pan Asia Majestic Eagle Ltd. သို့ ပေးပို့ရောင်းချခဲ့ရာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၉၀၀၀၀၀ ရောင်းချခဲ့ပြီးဖြစ်ကြောင်း၊ ၁၃-၇-၂၀၁၆ ရက်နေ့ နောက်ဆုံးမှာယူခဲ့သည့် ပစ္စည်းအချို့ကို ၁၃-၁-၂၀၁၇ ရက်နေ့တွင် ပြန်လည်ပယ်ဖျက်ခဲ့ကြောင်း၊ ထို့နောက် တရားလို ကုမ္ပဏီထံက မှာယူခြင်းမပြုတော့ဘဲ Neonworx Communication (Myanmar) Co., Ltd. ထံ ဒီဇိုင်းများပေးအပ်ကာ ပြောင်းလဲမှာယူအသုံးပြုခဲ့သည်ဖြစ်၍ တရားလိုကုမ္ပဏီ၏ မူပိုင်ဒီဇိုင်း များကို တုပထုတ်လုပ်ထားကြောင်း၊ ဒီဇိုင်းမူပိုင်ခွင့်ကို ခိုးယူတုပခြင်းခံရသည့်အတွက် နစ်နာမှု ရှိခဲ့ပြီး ပေးပို့သော ကုန်ပစ္စည်းအတွက် နစ်နာမှုနှင့်အထွေထွေနစ်နာမှုအပြင် ထာဝရတားဝရမ်း ရလိုမှုစွဲဆိုခြင်းဖြစ်ပြီး အမှတ် (၃) တရားပြိုင်သည် တရားလိုကုမ္ပဏီ၏ဝန်ထမ်းဖြစ်သော်လည်း အမှတ် (၁) တရားပြိုင်ကုမ္ပဏီနှင့် ပုဂ္ဂလိုက်ရေးဆက်သွယ်မှုရှိခဲ့ပြီး ဒီဇိုင်းမူပိုင်ခွင့်ချိုးဖောက်ရာတွင် ပါဝင်ခဲ့သူဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။

မူလရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က Amalgamated Telecom Management Co., Ltd. က Pan Asia Majestic Eagle Ltd. ပါ - ၃ ဦးအပေါ် အထွေထွေ နစ်နာကြေးနှင့် အမြဲတမ်းတားဝရမ်းထုတ်ဆင့်ပေးစေလိုမှုစွဲဆိုခြင်းဖြစ်ကြောင်း၊ ရုံးတော်၏ စီရင်ပိုင်ခွင့်ကို ကန့်ကွက်ချက်နှင့်အတူ တင်ပြသည့် သဘောတူစာချုပ်တွင် တရားလိုနှင့် အမှတ် (၁) တရားပြိုင်တို့သာ ပါဝင်လက်မှတ်ရေးထိုးထားကြောင်း၊ အနုညာတစီရင်ဆုံးဖြတ် ခြင်းဥပဒေအရ ဆောင်ရွက်လျှင် အမှတ် (၁) တရားပြိုင်တစ်ဦးအတွက်သာ ဖြေရှင်းဆောင်ရွက်ရာ ရောက်ပြီး ကျန်တရားပြိုင်များအပေါ်တွင် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ကြောင်း၊ ယခုစွဲဆို သောအမှုသည် ပဋိညာဉ်စာချုပ်မှဖြစ်ပေါ်လာသော တောင်းဆိုမှု၊ အငြင်းပွားမှုနှင့် စကားအချေအတင် ဖြစ်မှုမဟုတ်ဘဲ ပဋိညာဉ်၏ပြင်ပဖြစ်သော ကုန်ပစ္စည်းဒီဇိုင်းမူပိုင်ခွင့် ချိုးဖောက်ခြင်းဆိုင်ရာ နစ်နာကြေးနှင့်အမြဲတမ်းတားဝရမ်းထုတ်ပေးစေလိုမှုဖြစ်၍ တရားမတရားရုံးတော်က ကြားနာ ဆုံးဖြတ်ခြင်းက နည်းလမ်းတကျဖြစ်ပြီး တရားမျှတမှုကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သုံးသပ် ဆုံးဖြတ်ပြီး အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လျှောက်လွှာကို ပလပ်သည့်အမိန့်ချမှတ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက အယူခံတရားလိုနှင့် အယူခံတရားပြိုင် တို့အကြား ချုပ်ဆိုခဲ့သော ၁၇-၂-၂၀၁၅ ရက်စွဲပါ စာချုပ်အပိုဒ် ၂၀ . ၁ နှင့် ၂၀ . ၂ တို့အရ အချင်းချင်း အငြင်းပွားမှုကို ပြေလည်စွာညှိနှိုင်းမရပါက အနုညာတအဆုံးအဖြတ်ခံယူမည်ဟူသော စည်းကမ်း နှင့်အညီ လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအငြင်းပွားမှုများကို SIAC နည်းဥပဒေနှင့်အညီ ခန့်အပ်သော ခုံသမာဓိလူကြီး ၃ ဦးအားဖြင့် တင်သွင်းကာဖြေရှင်းမည်ဖြစ်ပါကြောင်း၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို မြန်မာနိုင်ငံရန်ကုန်တွင် စီရင်ဆောင်ရွက်ပါမည်ဟု ချုပ်ဆိုထားကြောင်း၊ မူလရုံးတရားလိုနှင့် တရားပြိုင်တို့အကြား သဘောထားကွဲလွဲမှု၊ အငြင်းပွားမှုနှင့် ပဋိညာဉ်မှ

ဖြစ်ပေါ်လာသော တောင်းဆိုမှုများဖြစ်ပေါ်နေကြောင်း၊ ယင်းအငြင်းပွားမှုသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၂ (ခ)၊ ၃ (ခ)၊ ၃ (ဍ)၊ ၉ (က) တို့တွင် အကျုံးဝင်သည်ဖြစ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် ပုဒ်မ ၁၀ (က) နှင့်အညီ လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ပုဒ်မ ၁၈ (က) နှင့် ၁၈ (က) (၁) ပြဋ္ဌာန်းချက်အရ ကျန်အယူခံ (၂) (၃) တရားပြိုင်တို့သည်လည်း အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေနှင့် စီရင်ပိုင်ခွင့်အကျုံးဝင်သက်ရောက်ခြင်းရှိ မရှိ အနုညာတခုံရုံးက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းလမ်းထက် တရားမတရားရုံးက စစ်ဆေးကြားနာပါက နည်းလမ်းတကျတရားမျှတမှုဖြစ်သည်ဟု ဆုံးဖြတ်ခြင်းသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) ကို ဆန့်ကျင်ရာရောက်ကြောင်း၊ ယင်းဉာဏပစ္စည်းဆိုင်ရာ ဒီဇိုင်းအားလုံးသည် အယူခံတရားလိုကုမ္ပဏီ၏ ဉာဏပစ္စည်းဆိုင်ရာ ဒီဇိုင်းမူပိုင်ခွင့်များဖြစ်ကြောင်း၊ အယူခံတရားလိုနှင့် အမှတ် (၁) အယူခံတရားပြိုင်တို့အကြား ချုပ်ဆိုသော သဘောတူစာချုပ်၏ အငြင်းပွားမှုနှင့် တိုက်ရိုက်သက်ဆိုင်သည့် အကြောင်းအရာဖြစ်၍ အနုညာတခုံရုံးကသာ ဆုံးဖြတ်ခွင့်ရှိသည်ဆိုသော ပြဋ္ဌာန်းချက်ကို မျက်ကွယ်ပြုရာရောက်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အမှတ် (၁) အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက Pan Asia Majestic Eagle Ltd. သည် တရားလိုကုမ္ပဏီက ကိုယ်တိုင်တီထွင်ရေးဆွဲထားသော Bracket Drawing ပုံစံဖြင့် ထုတ်လုပ်သည့် Bracket များကို ကုန်ဝယ်အမှာစာဖြင့် ဝယ်ယူခဲ့ရာ ၁၃-၇-၂၀၁၆ ရက်နေ့တွင် မှာယူပြီးသော Order များကို ပြန်လည်ပယ်ဖျက်ပြီး (၂) တရားပြိုင် Neonworx Communication (Myanmar) Co., Ltd. ထံက ပြောင်းလဲမှာယူကြောင်း၊ တရားလိုကုမ္ပဏီ၏ Bracket ဒီဇိုင်းအတိုင်း တူညီသည့်ဒီဇိုင်းများထုတ်လုပ်ခဲ့ကြောင်း၊ အယူခံတရားလိုသည် မူလရုံးတွင် ရှေ့နေကိုယ်စားလှယ်စာတင်ပြီးနောက် တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်း ၁၅ အရ စာရွက်စာတမ်းများ ကြည့်ရှုကူးယူခွင့်ပြုရန် လျှောက်ထားခဲ့ကြောင်း၊ **ဦးမူလ်ရာမ်ဆယ်ဂျာပါလ်နှင့် ဦးစီအေဘမ်း အမှု**[၁] တွင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်း ၁၅ အရ လျှောက်ထားခြင်း၊ အမိန့် ၆၊ နည်း ၄ အရ လျှောက်ထားခဲ့ခြင်းသည် အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခုပြုလုပ်ခြင်းဖြစ်၍ တရားရုံး၏ စီရင်ပိုင်ခွင့်ကို လက်ခံခဲ့ပြီးဖြစ်သည်ဟု ဆုံးဖြတ်ထားကြောင်း၊ ယခုစွဲဆိုသောအမှုသည် ၁၇-၂-၂၀၁၅ ရက်စွဲပါ စာချုပ်နှင့်မသက်ဆိုင်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၂) အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက အမှတ် (၁) တရားပြိုင်က မူလရုံးတွင် တရားစွဲဆိုရာ၌ Bracket များကို မည်သည့်ပဋိညာဉ်အရ အရောင်းအဝယ်ပြုခဲ့သည်ဟု အဆိုပြုတရားစွဲဆိုခြင်းမပြုကြောင်း၊ အယူခံတရားလို၏ လျှောက်ထားမှုအပေါ် သဘောတူစာချုပ် ချုပ်ဆိုမှုမရှိခဲ့ကြောင်း သီးခြားပဋိညာဉ်ရှိသည်ဟု ချေပမှုမပြုခဲ့ကြောင်း၊ သဘောတူစာချုပ်တွင် အမှတ် (၂) အယူခံတရားပြိုင်နှင့် အမှတ် (၃) အယူခံတရားပြိုင်များသည်

---

၁။ ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၆၈။

စာချုပ်ဝင်များအဖြစ်ပါရှိခဲ့ခြင်းမရှိကြောင်း၊ စာချုပ်ဝင်များအနေဖြင့် အနုညာတစီရင်ဆုံးဖြတ်မှုကို ခံယူစေသည့်အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

အမှတ် (၃) အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက သဘောတူစာချုပ်တွင် The Rule of the Singapore International Arbitration Centre (SIAC – Rule) ဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံရန် စာချုပ်ဝင်များသည်သဘောတူချုပ်ဆိုပြီးဖြစ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရမည်မှာ ထင်ရှားကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လျှောက်ထားမှုကို ငြင်းပယ်သည့်အမိန့်သည် မှန်ကန်ခြင်းရှိ မရှိစိစစ်ရန်ဖြစ်သည်။

မူလရုံး တရားလိုဖြစ်သည့် Amalgamated Telecom Management Co., Ltd. က Pan Asia Majestic Eagle Ltd. ပါ - ၃ ဦးအပေါ် စွဲဆိုသောအမှုသည် Pan Asia Majestic Eagle Ltd. က အမှာစာ ( purchase order) ဖြင့် မှာယူရောင်းချခဲ့ပြီးနောက် ၁၃-၇-၂၀၁၆ ရက်နေ့ မှာယူသည့်ပစ္စည်းမှ အချို့ကို ၁၃-၁-၂၀၁၇ ရက်နေ့တွင် ပြန်လည်ပယ်ဖျက်ခဲ့ခြင်း၊ ၁၃-၁-၂၀၁၇ ရက်နေ့ နောက်ပိုင်းတွင် (၂) တရားပြိုင် Neonworx Communication (Myanmar) Co., Ltd. ထံက ပြောင်းလဲမှာယူသည့်အတွက် ကုန်ပစ္စည်းဒီဇိုင်းမူပိုင်ခွင့်ချိုးဖောက်သူများပေါ် နစ်နာကြေးနှင့် ထာဝရတားဝရမ်းရလိုမှုစွဲဆိုခြင်းဖြစ်သည်။ မူလရုံးတရားလိုဖြစ်သည့် Amalgamated Telecom Management Co., Ltd. က အမှုတွင် အားကိုးအားထားရသည့် စာရွက်စာတမ်းများတွင် အယူခံတရားလိုနှင့် အမှတ် (၁) အယူခံတရားပြိုင်တို့အကြား ချုပ်ဆိုထားသည့် ၁၇-၂-၂၀၁၄ ရက်စွဲပါ သဘောတူစာချုပ်ကို ဖော်ပြထားခြင်းမရှိပေ။

အယူခံတရားလိုက အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသည့် ၁၇-၂-၂၀၁၄ ရက်စွဲပါ “ နေရာစုံစမ်းဖော်ထုတ်မှု၊ နေရာရရှိစေနိုင်မှု၊ ပြည်သူ့ရေးရာစက်ပစ္စည်းနှင့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများနှင့် အခြားဆက်သွယ်ရေးတာဝါတိုင်နှင့် ဆက်နွယ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အဓိကပင်မသဘောတူစာချုပ်” ကို Pan Asia Majestic Eagle Ltd. နှင့် Amalgamated Telecom Management Co., Ltd. တို့ ချုပ်ဆိုခြင်းဖြစ်သည်။ ယင်းစာချုပ်အပိုဒ် ၂၀ အငြင်းပွားမှုဖြေရှင်းချက်ခေါင်းစဉ်အောက်ရှိ စာပိုဒ် ၂၀ . ၂ အငြင်းပွားမှုပြေငြိမ်းစေမှုနည်းလမ်းတွင် ပဋိညာဉ်နှင့်ဆက်နွယ်၍ ဤပဋိညာဉ်မှဖြစ်ပေါ်လာသော တောင်းဆိုမှုအငြင်းပွားမှု သို့မဟုတ် စကားအချေအတင်ဖြစ်မှုများတစ်ခုခုနှင့် အားလုံးကို ဤအပိုဒ်အညွှန်းအားဖြင့် ဥပဒေများကို မှတ်ယူနိုင်သော SIAC အုပ်ချုပ်ရေးနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခန့်အပ်ထားသော ခုံသမာဓိလူကြီး ၃ ဦးအားဖြင့် တင်သွင်းကာ ဖြေရှင်းမည်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို မြန်မာနိုင်ငံရန်ကုန်တွင် ဆောင်ရွက်ပါမည်ဟု ပါရှိသည်ဖြစ်၍ ယင်းသဘောတူညီချက်အရ Pan Asia Majestic Eagle Ltd. သည် အနုညာတ

စီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန်အတွက် လွှဲအပ်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၃ (ခ) အရ ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်အရမဟုတ်သည်ဖြစ်စေ ဥပဒေနှင့်ညီညွတ်သော ဆက်စပ်မှုများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှုအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် အငြင်းပွားသူများက စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို အနုညာတသဘောတူညီချက်ဟု ခေါ်ဆိုသည်။ ယင်းဥပဒေပုဒ်မ ၃ ရှင်းလင်းချက် (၃) အရ အငြင်းပွားသူဆိုသည်မှာ အနုညာတသဘောတူညီချက်တွင် ပါဝင်ချုပ်ဆိုထားသည့် စာချုပ်ဝင်ကို ဆိုလိုသည်။ သို့ဖြစ်၍ အငြင်းပွားမှုကို အနုညာတနည်းဖြင့် ဖြေရှင်းမည်ဖြစ်ကြောင်း အနုညာတသဘောတူညီချက်ရှိမှသာ အနုညာတဆုံးဖြတ်ခြင်းရှိနိုင်မည်ဖြစ်ပြီး အငြင်းပွားမှုကို အနုညာတနည်းဖြင့်ဖြေရှင်းရန် အနုညာတသဘောတူညီချက်မရှိပါက အနုညာတဆုံးဖြတ်ခြင်းရှိနိုင်မည်မဟုတ်ပေ။

Pan Asia Majestic Eagle Ltd. (၁ - တရားပြိုင်) က အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လျှောက်လွှာနှင့် ပူးတွဲတင်ပြသည့် အနုညာတသဘောတူညီချက်ကို Pan Asia Majestic Eagle Ltd. နှင့် Amalgamated Telecom Management Co., Ltd. (မူလရုံးတရားလို)တို့သာ အငြင်းပွားသူစာချုပ်ဝင်အဖြစ် လက်မှတ်ရေးထိုးထားသည်ဖြစ်၍ ယင်းစာချုပ်အပိုဒ် ၂၀ . ၂ အရ ၎င်းတို့အကြားတွင်သာ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် အနုညာတသဘောတူညီချက်ရှိပြီး Neonworx Communication (Myanmar) Co., Ltd. (၂ - တရားပြိုင်)၊ Ms. Anne Sophie (၃ - တရားပြိုင်) တို့သည် အငြင်းပွားသူစာချုပ်ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသူများမဟုတ်ကြပေ။ သို့ဖြစ်၍ မူလရုံးတရားလိုနှင့် (၂) တရားပြိုင်၊ (၃) တရားပြိုင်တို့အကြားတွင် အနုညာတသဘောတူညီချက်မရှိပေ။

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ခံယူစေရေးအတွက် လွှဲအပ်ပေးရန် လျှောက်ထားမှုတွင် အနုညာတသဘောတူညီချက် ပျက်ပြယ်ကြောင်း အကျိုးမသက်ရောက်ကြောင်း၊ ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း မတွေ့ရှိပါက အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်ရမည်ဖြစ်သည်။

Amalgamated Telecom Management Co., Ltd. (တရားလို) က Pan Asia Majestic Eagle Ltd. ပါ - ၃ ဦးအပေါ် စွဲဆိုသောအမှုတွင် မူလရုံးတရားလိုနှင့် မူလရုံး (၁) တရားပြိုင်တို့အကြား အနုညာတသဘောတူညီချက်ရှိသော်လည်း မူလရုံးတရားလိုနှင့် မူလရုံး (၂) တရားပြိုင်၊ (၃) တရားပြိုင်တို့အကြား အနုညာတသဘောတူညီချက်မရှိသဖြင့် ယင်းတရားမကြီးမှုတွင် ပေါ်ပေါက်သည့် အဆုံးအဖြတ်ပြုရမည့် အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန်အတွက် လွှဲအပ်ပေးရန် Pan Asia Majestic Eagle Ltd. ၏ လျှောက်ထားမှုကို ငြင်းပယ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏အမိန့်သည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) နှင့် ဆန့်ကျင်ခြင်းမရှိပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

( သာဌေး )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး